
# မြန်မာနိုင်ငံ - ရှမ်းပြည်နယ်အတွင်း လတ်တလော နေရပ်စွန့်ခွာတိမ်းရှောင်မှု အခြေအနေ (၁၉ နိုဝင်ဘာ ၂၀၁၅)

OCHA

အောက်တိုဘာလ ၆ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် လူပေါင်း ၆,၀၀၀ ခန့်အထိ နေရပ်စွန့်ခွာ တိမ်းရှောင် နေရဆဲဖြစ်ပါသည်။ ပဋိပက္ခများမှာ ဆက်လက် ဖြစ်ပွားလျက် ရှိသောကြောင့် နေရပ် စွန့်ခွာ တိမ်းရှောင်မှု အသစ်များနှင့် ယခင်နေရပ် စွန့်ခွာတိမ်းရှောင် သူများမှာ လည်း ထပ်မံ တိမ်းရှောင်ရသည့် အခြေအနေများဖြစ်ပေါ်ခဲ့ကြောင်း သိရှိရ ပါသည်။ ထိုနေရပ် စွန့်ခွာတိမ်းရှောင်သူများမှာ ဘုန်းတော် ကြီးကျောင်း များနှင့် ယာယီ စခန်းများတွင် နေထိုင်ကြရလျက်ရှိပါသည်။

အခြေအနေလေ့လာဆန်းစစ်မှုများအရ ယာယီအမိုးအကာ၊ တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည် များ၊ စောင်များ၊ အစားအစာ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လိုအပ် ချက်များကို ချက်ချင်း ဖြည့်ဆည်း ပေးရန် လိုအပ်ကြောင်း သိရှိရပါသည်။  နိုင်ငံတကာမှ အစိုးရ မဟုတ် သည့် အဖွဲ့ အစည်းများအနေဖြင့် တုံ့ပြန် ဆောင်ရွက် ရေးလုပ်ငန်းများကို ဦးစီး ဆောင်ရွက် နေသည့် ဒေသတွင်းအရပ်ဘက် လူမှုအဖွဲ့အစည်း များနှင့် ပူးပေါင်း၍ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံး နှင့် မိသားစု အသုံးအဆောင်များ၊ ယာယီအမိုးအကာ ပစ္စည်းများ အပါအဝင် ကနဦးပံ့ပိုးကူညီမှု များကိုဆောင်ရွက် ခဲ့ပြီးဖြစ်ပါသည်။ ထပ်မံ၍ အကူအညီ၊ အထောက်အပံ့များ ဆက်လက် လိုအပ်လျက် ရှိပါသည်။ လုံခြုံရေး အခြေအနေ များကြောင့် အချို့သော နေရပ် စွန့်ခွာ တိမ်းရှောင်သူစခန်းများကို လက်လှမ်းမှီရန် အခက်အခဲ ရှိနေဆဲ ဖြစ်ပါသည်။




## နေရပ်စွန့်ခွာတိမ်းရှောင်သူများ

~ ၆,၀၀၀ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ

၁၀ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ နေထိုင်ရာယာယီစခန်း

## နေရပ်စွန့်ခွာတိမ်းရှောင်သူအရေတွက်

| | |
|---|---|
| ဝမ်ဝ | ၁၅၂၁ |
| ဟိုင်းပါး | ၁၅၀၀ |
| မိုင်းနောင် | ၈၈၀ |
| မိုင်းရှူး | ၈၀၆ |
| လဲချား | ၆၉၃ |
| မိုင်းရယ် | ၂၀၀ |
| ဖတ်ကီး | ၂၀၀ |
| ကျိုင်းလပ် | ၁၅၀ |
| လားရှိုး | ၁၄၀ |
| တောင်ကြီး | ၁၂၄ |

(အမှတ်အသား - သတင်းအချက်အလက်မရနိုင်ပါ)

## သတင်းအချက်အလက်နှင့်စပ်လျဥ်းသည့်မှတ်ချက်

ရှမ်းပြည်နယ်ရှိ မြေပြင်အခြေအနေများမှာ တည်ငြိမ်မှုမရှိပဲ၊ ပြောင်းလဲမှုများရှိနေပါသည်။ ယခုဖော်ပြထားသော သတင်းအချက် အလက်များမှာ ထုတ်ဝေသည့်အချိန်တွင်ရရှိသည့် သတင်းအချက်အလက်များကိုသာ တင်ပြထားခြင်းဖြစ်ပါသည်။ လုံခြုံရေး အခြေအနေများကြောင့် တင်ပြထားသည့် သတင်းအချက်အလက်အားလုံးကို စစ်ဆေးအတည်ပြုနိုင်ခြင်းမရှိသော်လည်း၊ သတင်း အချက်အလက်များကို သတင်းအရင်းအမြစ်များနှင့် အပြန်အလှန် စစ်ဆေးခြင်းအား ဆောင်ရွက်ထားပါသည်။

ဤမြေပုံတွင် ဖော်ပြထားသည့် နယ်နိမိတ်များနှင့် အမည်များ၊ သတ်မှတ်ချက်များမှာ ကုလသမဂ္ဂမှ တရားဝင် ထောက်ခံချက်ပြုထားသည့် သို့မဟုတ် လက်ခံထားသည့် နယ်နိမိတ်များနှင့် အမည်များ၊ သတ်မှတ်ချက်များ အဖြစ် ညွှန်းဆိုမှုမပြုနိုင်ပါ။
ထုတ်ဝေသည့် ရက်စွဲ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၀ သတင်းအချက်အလက်အရင်းအမြစ် Relief International ၊ OCHA ၊ INGO ၊ MIMU ဆက်သွယ်ရန် ochamyanamr@un.org www.unocha.org www.reliefweb.int